## မာတိကာ


- ဘာသာပြန်သူအမှာ
- Julian Barnes ရဲ့ အမှာ
- နိဒါန်း

၁။ အရစ္စတိုတယ်ရဲ့ဘဝကောက်ကြောင်း ........ ၁
၂။ ပြည်သူလူထု ........ ၁၃
၃။ ပလေတို၊ အာဝဇ္ဇန်း ........ ၂၀
၄။ ယုတ္တိဗေဒ ........ ၂၉
၅။ သတ္တဗေဒ ........ ၃၇
၆။ သိပ္ပံပညာနှင့် အကြောင်းတရားများ ........ ၄၃
၇။ ကမ္ဘာ ........ ၅၀
၈။ ဒီမိုကရေစီ ........ ၅၇
၉။ ကျေးကျွန် ........ ၆၃
၁၀။ အမျိုးသမီးများ ........ ၆၇
၁၁။ ကိုယ်ကျင့်တရားပညာ ........ ၇၃
၁၂။ ရုပ်လွှန်ပညာ ........ ၈၁
၁၃။ အသက်ဝိညာဉ် ........ ၈၇
၁၄။ ဘုရားသခင် ........ ၉၃
၁၅။ သေခြင်းတရား ........ ၉၉
၁၆။ ရှေ့ရေးမျှော်လင့်ချက် ........ ၁၀၅


## ဘာသာပြန်သူ့အမှာ

ဒေင်ကိုစွန့်ခွာလာတဲ့ လူသားတွေဟာ ဖြစ်တည်မှုရဲ့ အဓိပ္ပာယ်ကို ပိုမိုနားလည်ဖို့ ကြိုးစားလာကြတယ်။ နတ်ဘုရားတွေကို တွန်းလှန်ဖို့ စတင်ခဲ့ကြတယ်။ တချို့အရာတွေကို မငြင်းပယ်ပေမဲ့လည်း ဖြင်းဆန်ဖို့ ကြိုးစားလာကြတယ်။

မိုးကြိုးပစ်တာကို အံ့ဩခဲ့ကြတယ်။ ကြယ်၊ လတွေကို ငေးရင်း စူးစမ်းတတ်တဲ့အတွေးတွေ ဖြစ်လာခဲ့တယ်။ ကမ္ဘာမြေမှာနေထိုင်ရင်း သူတို့ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ဆင်ခြင်ပြီးဖြေရှင်းဖို့၊ နားလည်ဖို့ စတင်ခဲ့တယ်။ ဒါဟာ ဒဿနိကဗေဒရဲ့ စတင်ခြင်းပါပဲ။

အိုင်တီနည်းပညာ၊ တရားရေးရာ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ စိတ်ပညာ၊ သမိုင်း၊ အနုပညာစသဖြင့် နယ်ပယ်ပေါင်းစုံဟာ ဒဿနိကနဲ့ မကင်းပါဘူး။ အကြောင်းကတော့ ဒဿနိကဗေဒဆိုတာ ဉာဏ်ပညာကို ချစ်မြတ်နိုးခြင်းဖြစ်လို့ပါပဲ။

ဘီစီ ၅၂၅၊ မေလ (၂၈) ရက်မှာ နေကြတ်မယ်လို့ ဟောကိန်း ထုတ်ခဲ့သလို မြင့်မားတဲ့အဆောက်အအုံကို အရိပ်ကနေတစ်ဆင့် တွက်ပြခဲ့သူ ရှိလာပါတယ်။ သူကတော့ သေး(လ်)လီ။ သေး(လ်)လီရဲ့ အယူအဆတွေကို ဖောကာဟာက်ကြည့်ရင်း ထပ်မံတွေးခေါ်ခဲ့သူက သူ့တပည့် အနက်ဇီမန်းဒါ။ ဒီလိုစတင်ခဲ့ရင်း ဆော့ခရိတ္တိ၊ ပလေတိုတို့လက်ထက်မှာ ဒဿနိကဟာ ပိုအားကောင်းလာခဲ့ပါတယ်။

ပလေတိုရဲ့ တွေးခေါ်ပုံ၊ ဆော့ခရိတ္တိနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေကို ကော်ပီစီးရီးရဲ့ ပထမဆုံးကော်ပီတစ်ခွက်အနေနဲ့ ဖျော်တိုက်ခဲ့ပြီးပါပြီ။ အခုတော့ ဒုတိယမြောက် ကော်ပီအနေနဲ့ အရစ္စတိုတယ်။

အခု အရစ္စတိုတယ်စာအုပ်ဟာ ပလေတိုရဲ့အဆက်လို့ ပြောလို့ရသလို အရစ္စတိုတယ်ချည်းပဲလည်း ဖတ်လို့ရပါတယ်။ ဒါပေမဲ့ နှစ်အုပ်ကို တွဲဖတ်ရင်တော့ ဂရိနိုင်ငံရဲ့ အဲဒီခေတ် နိုင်ငံရေးအခြေအနေ၊ အတွေးအခေါ် အယူအဆတွေကို မြင်ကွင်းကျယ်အနေနဲ့ မြင်ရမှာပါ။

အရစ္စတိုတယ်ဟာ စွယ်စုံရ အတွေးအခေါ်ပညာရှင်ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာအုပ်မှာ အကြောင်းအရာတွေ ပိုစုံနေတာကို တွေ့ရမှာပါ။ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာတယ်။ သေချာတာက ပထမကော်ပီထက် အခုကော်ပီက နည်းနည်းလေးပိုပြင်းပါတယ်။

ကျွန်တော့်အတွက် ဒီစာအုပ်နဲ့ပတ်သက်ပြီး မှတ်မှတ်ရရ ရှိနေတဲ့ အရာတစ်ခု ရှိပါတယ်။ ဒီစာအုပ်ရေးနေစဉ်တစ်ဝက်လောက်အရောက်မှာ ကျွန်တော့်ရဲ့ဆရာ မောင်မောင်ဖေယျ ဆုံးပါးသွားခဲ့တယ်။ အဲဒီအတွက် ဘယ်လိုမှ ဆက်ရေးလို့မရခဲ့ပါဘူး။ ဒဿနိကဗေဒဟာ လူ့အဖွဲ့အစည်းအတွက် သိပ်လိုအပ်တဲ့အရာ ဖြစ်သလို လူတွေနဲ့နီးကပ်နေဖို့အတွက် ဆရာမောင်ဆန္ဒရှိပုံရပါတယ်။ ဒါကြောင့် သူကိုယ်တိုင်လည်း ဒဿနိကဗေဒနဲ့ ပတ်သက်ပြီး စာအုပ်တွေရေးခဲ့သလို သူ မဆုံးခင် နောက်ဆုံးစကားအဖြစ် 'မရပ်နဲ့ဆက်ရေး၊ ဆက်ရေးမယ် မဟုတ်လား' ဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီစကားတစ်ခွန်းနဲ့ ဒီစာအုပ်ကိုပြီးအောင်ရေးခဲ့ရတယ်။ ဒါကြောင့် ဒီစာအုပ်ဟာ ဆရာမောင်မောင်ဖေယျကို ရည်ညွှန်းပါတယ်။

**မင်းသန့်ဟန်**

## JULIAN BARNES ရဲ့အမှာ

အလယ်ခေတ်ကတော့ ကမ္ဘာကြီးရဲ့ မှောင်မိုက်တဲ့ကာလတစ်ခုပါပဲ။ ၁၃ ရာစုကစပြီး လှပတဲ့အပြောင်းအလဲတစ်ခု ရှိလာတယ်။ အရစ္စတိုတယ်နဲ့ သူ့ရဲ့ လက်တွဲဖော်ဖြစ်တဲ့ ဟာပေးလစ်(စ်) ဒါမှမဟုတ် ဗီးလစ်(စ်) တို့က အတွေးအခေါ်ပညာရှင်တွေဟာ တိရစ္ဆာန်သာသာဖြစ်နေတာကို ပြောင်းပြန်လှန်ပြခဲ့ပါတယ်။ ဒါဟာ အတော်ဆိုးတဲ့ပုံရိပ်တစ်ခုပါ။ ဒါပေမဲ့ အဲဒါဟာ သတိပေးချက်တစ်ခုလို့လည်း ပြောလို့ရတယ်၊ တကယ်လို့သာ အသိဉာဏ်ရှိတဲ့ ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ထက် နိမ့်ကျနေမယ်ဆိုရင် အဲဒါမကောင်းပါဘူး။

ဒီနေ့ခေတ်မှာ တစ်ယောက်ယောက်က သူ ကျွမ်းကျင်တဲ့နယ်ပယ် တစ်ခုကနေ နောက်ထပ်နယ်ပယ်အသစ်တစ်ခုကို တီးခေါက်ကြည့်ကြတယ်။ ဘာနဲ့တူလဲဆိုတော့ မိုးပျံပူဖောင်းနဲ့ အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်သလိုပဲ။ ခရစ်ကတ်ကစားသမားတစ်ယောက်ဟာ စိတ်ပညာရှင်တစ်ဦး ဖြစ်လာနိုင်တာပဲလေ။ ဒါကို အမြဲတမ်း အသစ်ကိုရှာဖွေနေတဲ့သူလို့ခေါ်တယ်။ အရည်အချင်း နှစ်မျိုးလောက်ရှိတဲ့ သူဟာ နဂိုတည်းက ပင်ကို စွယ်စုံကျွမ်းကျင်တဲ့သူဖြစ်တယ်။ အဲဒါကတော့ အရစ္စတိုတယ်ပါပဲ။ သူ့အကြောင်းရေးထားတဲ့ မှတ်တမ်းတွေကို ပြန်ဖတ်တဲ့အခါမှာ အရစ္စတိုတယ်ရဲ့ ဉာဏ်ပညာဟာ ဘယ်လောက်ထိရှိလဲဆိုတာ သိလိုက်ရတယ်။ အဲဒီအချိန် ကျွန်တော်လေ . . . အသက်ရှူတောင် ရပ်သွားမိတယ်။ မနာလိုဝန်တိုစရာ တော်တော်ကောင်းတာပဲ။ အကြောင်းပြချက် နှစ်ချက်ရှိတယ်။ ပထမတစ်ချက်က အရာရာ တိုးတက်နေတဲ့အချိန်မှာ သူဟာ ဘာမှ ရှာဖွေမတွေ့ရှိပေမဲ့လည်း ယုတ္တိဗေဒနဲ့ သတ္တဗေဒကို တီထွင်နိုင်ခဲ့တယ်။ ဒုတိယအချက်က နားလည်ရခက်တဲ့ စကြဝဠာအကြောင်းကိုလည်း သူ တွေးတောနိုင်ခဲ့တယ်။ ဘယ်သူမှ မလုပ်နိုင်တာကို အရစ္စတိုတယ်လုပ်နိုင်တယ်လေ။ အဲဒါကြောင့် ကျွန်တော်ဟာ အတော်လေး အထိတ်တလန့် ဖြစ်သွားရတာပေါ့။

ဒီစာအုပ်ကိုရေးတဲ့ **စာရေးဆရာ**[၁]က အရစ္စတိုတယ်ရဲ့ အတွေးအခေါ်တွေကို စနစ်တကျ ပြန်ပြင်ဆင်ထားတယ်။ ဒါ့အပြင် အရစ္စတိုတယ် ရေးခဲ့တဲ့ စာအုပ်ထဲက လေးတွဲကိုလည်း တွဲဖက်မွမ်းမံခဲ့ပါတယ်။ သူ့ရဲ့ အဓိကအလုပ်က ဒဿနပညာရှင်တွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ၊ စာအုပ်တွေကို ရေးတာပါပဲ။ တကယ်တော့ သူက ကျွန်တော့်အစ်ကိုပါ။ အခု ဖတ်ရှုဖတ်ရမယ့် အရစ္စတိုတယ်ရဲ့ အတွေးအခေါ်တွေက တကယ်နိုင်မာတယ်၊ သင်ယူနိုင်တယ်၊ နားလည်ဖို့လွယ်တယ်၊ ပြောတတ်ဆိုတတ်လာမယ်။ သူများအသုံးချတာကို ခံရတော့မှာမဟုတ်ဘူး။ တစ်နည်းအားဖြင့် ပြောရရင် သူရေးထားတာတွေက ပေါ့ပေါ့ဆဆ ရေးထားတာတွေ လုံးဝ မဟုတ်ဘူး။ သူ့ရဲ့ အစောပိုင်း အပြောင်မြောက်ဆုံးလက်ရာဖြစ်တဲ့ The Presocratic Philosophers အကြောင်း ရေးထားတဲ့ စာအုပ်နှစ်တွဲဟာ ကျွန်တော့်ကို တော်တော်ဒုက္ခပေးခဲ့တယ်။ ပြီးတော့ အခု အရစ္စတိုတယ်ရဲ့ အကြောင်း နိဒါန်းပိုင်းပဲ ရှိသေးတယ်။ ကျွန်တော် စိတ်ရှုပ်ထွေးရပြီ။ ဒါပေမဲ့ အနိုင်အမာပြောဆိုချက်တွေ ရှိနေလို့ ဒီစာအုပ်ကို ကျွန်တော် ချီးမွမ်းတာပါ။

အရစ္စတိုတယ်ဟာ ဆွေမျိုးကောင်းစားရေးဝါဒ ဒါမှမဟုတ် ညီအစ်ကိုအရင်းဝါဒကို အမြဲပြောနေသလားလို့ ကျွန်တော့်အစ်ကိုကို ကျွန်တော် မေးလိုက်တယ်။ ကြည့်ရတာတော့ မဟုတ်ဘူးနဲ့ တူပါတယ်။ ညီအစ်ကိုတွေဟာ အသက်ကွာပေမဲ့ အရာရာတိုင်းမှာ တန်းတူအခွင့်အရေး ရကြရမယ်။ တကယ်တော့ ဒါဟာ အမှတ်ရစရာ မဟုတ်သလို စမ်းမှန်တဲ့ အရာလည်း မဟုတ်ဘူးလို့ ထင်ရတာပဲ။ ဒီလိုပြောရပေမဲ့လည်း အဲဒါဟာ ကျွန်တော်ကျွမ်းကျင်တဲ့အရာ မဟုတ်ဘူး။ တစ်ခါတုန်းက ကျွန်တော့်သူငယ်ချင်းကို အမေ ပြောပြတာလေးကို သတိရမိတယ်။ ငါ့မှာ သားနှစ်ယောက် ရှိတယ်။ သူတို့ နှစ်ယောက်လုံးက စာရေးတယ်။ ပထမတစ်ယောက် ရေးတာကို ငါ ဖတ်နိုင်တယ်။ ဒါပေမဲ့ နားမလည်ဘူး။ နောက်တစ်ယောက် ရေးတာကိုကျတော့ ငါ နားလည်တယ်။ ဒါပေမဲ့ ငါ မဖတ်နိုင်ဘူး။ အခု အရစ္စတိုတယ်မှာလည်း ကျွန်တော့်အဖြစ်က ကျွန်တော့်အမေပြောခဲ့သလိုပဲ ဖြစ်နေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါကိုဖတ်ပြီး ကျွန်တော့်အမေတောင်မှ စိတ်ကျေနပ်မှုရသွားတယ်ဆိုတော့ ကျွန်တော်တောင် ဒွိဟတွေဖြစ်သွားရတယ်။

---

[၁] Jonathan Barnes.